ဘယက်ကျေးရွာအုပ်စု၊ ဘယက်ကျေးရွာ
သန်လျင်မြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
ဘယက်ကျေးရွာ၊ ဘယက်ကျေးရွာအုပ်စု၊ သန်လျင်မြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၅ခုနှစ်၊ မတ် လ (၇) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၈
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၉	၉
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၉	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၁၀
၁၁	ပညာရေး	၁၀	၁၀
၁၂	ကျန်းမာရေး	၁၀	၁၁
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁	၁၁
၁၄	ကျား-မရေးရာ	၁၁	၁၁
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁	၁၄
အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၅	၁၅
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၆	၁၇
နောက်ဆက်တွဲများ			
၁၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၁၈	၇၆
၁၉	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၇၇	၈၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၄/၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈ /၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **သန်လျင်**မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်တတ်ကျွမ်းကျင်သူ လူငယ် (၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီ ဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများနှင့် အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဘယက်ကျေးရွာ**ဘယက်**ကျေးရွာအုပ်စု
သန်လျင်မြို့နယ်

ဘယက်ကျေးရွာ၊ **သန်လျင်**မြို့နယ်၊ သယံဇာတပြမြေပုံ



ဘယက်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရာသီခွင်ပြ ပြက္ခဒိန်

အကြောင်း အရာ	တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ	တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး
ရာသီဥတု	☀	☀	☁	☁	☁	☁	☁	☀☁	☀☁	☀☁	☀☁	☀☁
အလုပ်အကိုင်	လယ်	လယ်	လယ်	လယ်				လယ်	ကျပန်း	ကျပန်း	ကျပန်း	ကျပန်း
သဘာဝဘေး	မီးဘေး	မီးဘေး	မီးဘေး	-	-	-	-	-	အအေး လှိုင်းဖြတ်	-	-	မီး ဘေး
ပွဲတော်	သင်္ကြန်	ညောင် ရေသွန်း	-	ဝါဆို သင်္ကန်း	-	-	မီးထွန်း ပွဲ	ကထိန်ပွဲ		ဘုရားပွဲ		ရှင်ပြုအလှူပွဲ
သောက်ရေ	လုံလောက်	လုံလောက်	-	-	-	-	-	-	-	-	-	လုံ လောက်
နွေစပါး	ရိတ်သိမ်း	-	-	-	-	-	-	မျိုးကျဲ	ရေတင်၊ မြေဩဇာကျွေး	မြေဩဇာကျွေး	မြေဩဇာကျွေး၊ ရေလွှော့	ရိတ် သိမ်း
မိုးစပါး	-	-	မျိုးကျဲ	စိုက်	-	-	ရိတ်သိမ်း	ရိတ်သိမ်း	စပါးခြွေ	-	-	-
မွေးမြူရေး	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား	ဘဲ	ဘဲ	ဘဲ	ဘဲ	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား
ကျန်းမာရေး အခြေအနေ	ဝမ်းပျက်	ဝမ်း ပျက်	ရာသီ တုပ်ကွေး	ရာသီ တုပ် ကွေး			ရာသီ ဖျား	ရာသီ ဖျား	-	-	_	ဝမ်း ပျက်
ဝင်ငွေ	▲▲▲	▲▲▲	▲▲	▲	▲▲	▲▲	▲▲▲ ▲	▲▲▲▲	▲▲▲	▲▲▲	▲▲	▲▲
ထွက်ငွေ	▲▲▲	▲▲▲	▲▲▲▲	▲▲▲	▲▲▲	▲▲▲	▲▲▲	▲▲▲	▲▲▲	▲▲▲▲	▲▲▲	▲▲▲

☀ နွေရာသီ ▲ **အလွန်နည်း** ▲▲ **နည်း**

☁ **မိုးရာသီ**

☀☁ ဆောင်းရာသီ/**ပွင့်လင်းရာသီ** ▲▲▲**အသင့်အတင့်**

▲▲▲▲ **များ**

သန်လျင် မြို့နယ်၊ ဘယက်ကျေးရွာ၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ဘယက်ကျေးရွာသည် သန်လျင်မြို့နယ်နှင့် အရှေ့အနောက်သွယ်တန်းလျက် (၈)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး သန်လျင်မြို့နယ်မှ သန်လျင်-ကျောက်တန်းလမ်းမကြီးမှတစ်ဆင့် ဘုရားကုန်းလမ်းဆုံအထိ သွားရောက်ရပြီး ဘုရားကုန်းလမ်းဆုံမှ သန်လျင်-ခရမ်း-သုံးခွလမ်းမကြီးအတိုင်း ဘယက်ကျေးရွာအထိ ကတ္တရာလမ်းဖြင့် ရာသီမရွေး သွားလာနိုင်ပါသည်။ ဘယက်ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ စပါးကိုအဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းအနေဖြင့် အိမ်ထောင်စု(၄၆)စု မှ နွား(၁၁၆)ကောင် မွေးမြူထားကြပြီး အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၆၀ **မှ** ၇၀ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာ အထောက်အကူပြုပါ သည်။ ကျေးရွာတည်ရှိမှုမှာ မြေပြန့်ဒေသဖြစ်ခြင်းကြောင့် မိုးများ၍ အအေးပိုသည့်ဒေသ ဖြစ်ပါသည်။

(၂)ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ဘယက်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် စစ်ပင်ကွင်းကျေးရွာတည်ရှိပြီး အနောက်ဘက်တွင် (၆)လမ်းသွား၊တောင် ဘက်တွင် သန်လျင်-ခရမ်း-သုံးခွကားလမ်းမကြီးတည်ရှိပြီး မြောက်ဘက်တွင် ငါးဖြေမကျေးရွာနှင့် သနပွင်ကျေးရွာတည်ရှိလျက် ဘေ့ချောင်းမှရွာကိုဝန်းရံထားပါသည်။ ကျေးရွာအတွင်း လယ်မြေအသင့်အတင့်ရှိပြီး မြေဆီကောင်းမွန်ပါသည်။ ထွန်ယက် စိုက်ပျိုးနိုင်သည့် လယ်ယာမြေဧကအနည်းငယ်သာရှိပြီး ကျေးရွာအတွင်း သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဘယက်ကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးလင်းရေးအဖွဲ့၊ ရေပေးရေးအဖွဲ့၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့၊ လူမှုကူညီရေးအဖွဲ့များလည်း ရှိပါသည်။ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဦးစီးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို

ဆောင်ရွက်ပေးပါသည်။ အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာ ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ **၄၃**%သည် အဆင်ပြေသောအိမ်ထောင်စု၊ ၂၂**%**သည် အလယ်အလတ်အိမ်ထောင်စု၊ ၂၂ %သည် ဆင်းရဲသောအိမ်ထောင်စုနှင့် ၁၃%သည် အလွန်ဆင်းရဲသောအိမ်ထောင်စုအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အနည်းငယ်သာရှိပြီး တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ အခြားသော စိုက်ပျိုးရေးသုံး၊ လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမရှိဘဲ ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေးဖြင့် စိုက်ပျိုးနိုင်သည့် ရေအရင်းအမြစ် မရှိခြင်းကြောင့် မိုးရာသီကာလတွင်သာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတုအနေအထားသည် စိုက်ပျိုးသီးနှံများ စိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်**ပါ**သည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်လက်လှမ်းမီမှု နည်းပါးခြင်းများကြောင့် အမြတ်ရရှိမှု နည်းပါးပါသည်။ ချမ်းသာသော စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေး နေ့စားစသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဘယက်ကျေးရွာတွင် နွားမွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် မွေးမြူလုပ်ကိုင်သည့် အိမ်ထောင်စု(၄၆)စုမှ ကောင်ရေ(၁၄၆) ကောင် မွေးမြူထားကြပါသည်။ အခြားသော တိရစ္ဆာန် မွေးမြူရေးအနေဖြင့် ကြွ၊ ဝက်၊ ကြက် မွေးမြူမှု အနည်းငယ်သာရှိပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်မှု မရှိခြင်း၊ ဈေးကွက် လက်လှမ်းမီမှုမရှိခြင်း၊ ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာများမရှိခြင်းနှင့် စားကျက်မြေနှင့် တိရစ္ဆာန်အစာများ ရှားပါးခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေးကိုသာ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်လာခြင်းနှင့် မွေးမြူရေး ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီး မရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများအား စီးပွားဖြစ် လုပ်ကိုင်မှု မရှိသည်ကို တွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

ဘယက်ကျေးရွာတွင် ရေနှင့် လယ်ယာမြေများနည်းပါးခြင်းကြောင့် ငါးမွေးမြူရေး လုပ်ငန်းဆောင်ရွက်ရန် အဆင်မပြေနိုင်ပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ဘယက်ကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၃၀၀၀၀/ကျပ် မှ ၁၅၀၀၀/ကျပ်အထိ ရပါသည်။ အလုပ်ကြမ်းသမား အဆင့်မှာ ၁၅၀၀၀မှ ၁၂**၀**၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ ၊အခြားသောကျေးရွာအတွင်း စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့် တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခမှာ **(၁၅၀၀၀)**မှ**(**၁၂**၀၀၀)**ကျပ်အထိ ရရှိကြပါသည်။ ဘယက်ကျေးရွာတွင် လုပ်အားခရရှိမှုမှာ အမျိုးသားနှင့်အမျိုးသမီး တူညီစွာ ရရှိကြပါသည်။ ကျေးရွာတွင် အလုပ် လုပ်နိုင်သူဦးရေ များပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ် ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင် သင်တန်း၊ မုန့်လုပ်ငန်းစသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင် သင်တန်း၊ ဝါယာထိန်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင်(ဝပ်ရှော့)ပြင်သင်တန်း စသော အသက်မွေးဝမ်းကျောင်းသင်တန်းများ တတ်မြောက်မှုနည်းပါးခြင်းကြောင့် ကျွမ်းကျင်မှု အခြေခံ သည့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနည်းပါးပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဘယက**်**ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို ချေးယူကြပါသည်။ သို့ရာတွင် ကျေးရွာအနေဖြင့် အိမ်ထောင်စုများပြားပြီး ချေးငွေအား အလုံအလောက် မရရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရေးပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေးမျိုးများထံတွင် ချေးယူရပြီး တစ်လလျှင် အတိုးနှုန်း **(**၅**)**ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ ကျေးရွာတွင် ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော ကျေးရွာဘက်စုံသုံးခန်းမ (SMU)ဆောင်ရှိပါသည်။ ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှိသော်လည်း ကျေးလက် ကျန်းမာရေးဆေးပေးခန်း မရှိသေးပါ။ ကျေးရွာနှင့်မြို့ ဆက်သွယ်သွားလာရာတွင် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျေးရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများ ဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင် သွားလာရ အခက်အခဲရှိပါသည်။ ကျေးရွာ၏ မီးလင်းရေး အနေဖြင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကို တပ်ဆင်သွယ်တန်းထားပြီးဖြစ်သော်လည်း ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စုများအနေဖြင့် ကွင်းထဲနေအိမ်တွင် နေထိုင်သောအိမ်ထောင်စု

များအနေဖြင့် တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း အတန့်အသင့်ကောင်းမွန်ပါသည်။ ကျေးရွာသူ/သား များအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကဏ္ဍတွင် များစွာ စိတ်ပါဝင်စားလျက်ရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်း အားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

(ဖ) ပညာရေး

ဘယက်ကျေးရွာသည် မူလတန်းကျောင်းသာရှိပြီး အလယ်တန်းကျောင်းနှင့် အထက်တန်း ကျောင်းပညာရေးကို ဆက်လက်သင်ယူမည့် ကျေးရွာရှိ ကလေးများအနေဖြင့် သန်လျင်မြို့ရှိ အခြေခံပညာအလယ်တန်းကျောင်းအထိ သွားရောက်၍ ပညာသင်ကြားကြရပါသည်။ကျေးရွာရှိ ကျောင်းသားများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာမူလတန်းလွန်ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ရန်အတွက် ကျေးရွာသူ/သားများအနေဖြင့် လိုလားနေကြပါသည်။

အထက်တန်းပညာရေးကို သန်လျင်မြို့အထိ သွားရောက်သင်ကြားကြရပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသားဦးရေ(၁၄၆)ဦး၊ အလယ်တန်း (၆၉)ဦးနှင့် အထက်တန်း(၃၆)ဦးရှိပါသည်။ အတန်းပညာပြီးမြောက်မှုအနေဖြင့် ကျေးရွာ လူဦးရေ၏ မူလတန်းအဆင့် (၅၂%) ၊ အလယ်တန်းအဆင့်(၁၃%)၊ အထက်တန်းအဆင့်(၉%) နှင့် တက္ကသိုလ်/ကောလိပ်ဘွဲ့ရ(၆%)ရှိပြီး စာမတတ်သူ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ရွာသူရွာသားများ အားလုံးနီးပါး စာရေးတက်၊ ဖတ်တက်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကို မဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင် ပညာရေးနှင့်ပတ်သက်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ မူလတန်း ပညာရေးမှာလည်း ပညာသင်ကြားမှုနှုန်း မြင့်မားသော်လည်း အလယ်တန်းနှင့် အထက်တန်းအထိ ပညာသင်ကြားမှု နည်းပါးပါသည်။

(ဂ) ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် စစ်ပင်ကွင်း ကျေးရွာသို့ သွားရောက်ကြရပြီး အရေးပေါ်ကိစ္စရပ်များအတွက် သန်လျင်မြို့နယ်ပြည်သူ့ဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံသို့ သွားရောက် ကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမာရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးမှုများ ရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် မြေသားရေကန်နှင့် စက်ရေတွင်းများမှ ရေကို အသုံးပြုကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်းပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျ ဆောက်လုပ်ထားသဖြင့်

ကျောင်းသူ/သားများအတွက် အသုံးပြုရ လွယ်ကူပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုပ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှု များပြားပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် မြေပြန့်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများ မရှိပါ ။ ရံဖန်ရံခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြား ဘေးအန္တရာယ် ကျရောက်မှုများမရှိပါ။ ကျေးရွာ၏ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများ သုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေဩဇာများ သုံးစွဲမှု များပြားခြင်း တို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာပါသည်။ တောင်သူများအနေဖြင့် ဓါတုဗေဒ ပိုးသတ်ဆေးများကို အသုံးပြုမှု များပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှု အားနည်းခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

ဘယက်ကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီး ပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ဘယက်ကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များ ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားNGOများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်

ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈	၂၀၂၈-၂၀၂၉
၁	စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း (၁၀' x ၄၅' x ၁၀')	၁	√				
၂	စာသင်ကျောင်းဆောင်အသစ်တည်ဆောက်ခြင်း (၃၀'x ၆၀' x ၁၀')	၂		√			
၃	စာသင်ကျောင်းခြံစည်းရိုးကာရန်ခြင်း (၅၅၀' x ၅')	၃		√			
၄	အုတ်ရေမြောင်းပြုလုပ်ခြင်း ၃၆၀'(၁)ခု၊၁၁၀'(၂)ခု	၄		√	√	√	√
၅	ဂါလံ(၂၄၀၀)ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း (၁၀'x ၁၀' x ၄')	၅		√	√	√	√
၆	အောင်မင်္ဂလာလမ်းသွယ်ကွန်ကရစ်လမ်းခင်းခြင်း (၉၁၅'x ၁၀' x ၈')	၆		√	√	√	√
၇	ရတနာထွန်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း (၁၀၀၀'x ၁၀' x ၈')	၇		√	√	√	√
၈	အေးမေတ္တာလမ်းသွယ်ကွန်ကရစ်လမ်းခင်းခြင်း (၄၉၀'x ၁၀' x ၈')	၈		√	√	√	√
၉	အေးစန္ဒာလမ်းကွန်ကရစ်လမ်းခင်းခြင်း (၄၁၀'x ၁၀' x ၈')	၉		√	√	√	√
၁၀	အေးသော်တာလမ်းကွန်ကရစ်လမ်းခင်းခြင်း (၄၀၅'x ၁၀' x ၈')	၁၀		√	√	√	√
၁၁	အေးနန္ဒာလမ်းကွန်ကရစ်လမ်းခင်းခြင်း (၄၁၀'x ၁၀' x ၈')	၁၁		√	√	√	√
၁၂	အေးမေတ္တာလမ်းကွန်ကရစ်လမ်းခင်းခြင်း (၁၁၆၀'x ၁၀' x ၈')	၁၂		√	√	√	√
၁၃	အောင်သစ္စာလမ်းကွန်ကရစ်လမ်း ခင်းခြင်း (၅၅၀'x ၁၀' x ၈')	၁၃		√	√	√	√

(၁၁) ဘယက်ကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း (၁၀' x ၄၅' x ၁၀')	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	စာသင်ကျောင်းဆောင်အသစ်တည်ဆောက် ခြင်း (၃၀'x ၆၀' x ၁၀')	၁၀	၁၀	၁၀	၁၀	၉	၄၉	၂
၃	စာသင်ကျောင်းခြံစည်းရိုးကာရန်ခြင်း (၅၅၀' x ၅')	၈	၁၀	၁၀	၈	၁၀	၄၆	၃
၄	အုတ်ရေမြောင်းပြုလုပ်ခြင်း ၃၆၀'(၁)ခု၊၁၁၀'(၂)ခု	၈	၉	၈	၉	၉	၄၃	၄
၅	ဂါလံ(၂၄၀၀)ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း (၁၀'x ၁၀' x ၄')	၈	၈	၈	၈	၈	၄၀	၅
၆	အောင်မင်္ဂလာလမ်းသွယ်ကွန်ကရစ်လမ်း ခင်းခြင်း (၉၁၅'x ၁၀' x ၈')	၇	၇	၈	၈	၇	၃၇	၆

၇	ရုတနာထွန်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း (၁၀၀၀'**x** ၁၀' **x** ၈')	၇	၇	၇	၆	၇	၃၄	**၇**
၈	အေးမေတ္တာလမ်းသွယ်ကွန်ကရစ်လမ်း ခင်းခြင်း (၄၉၀'**x** ၁၀' **x** ၈')	၆	၆	၆	၆	၇	၃၁	**၈**
၉	အေးစန္ဒာလမ်းကွန်ကရစ်လမ်းခင်းခြင်း (၄၁၀'**x** ၁၀' **x** ၈')	၅	၆	၅	၆	၇	၂၉	၉
၁၀	အေးသော်တာလမ်းကွန်ကရစ်လမ်းခင်းခြင်း (၄၀၅'**x** ၁၀' **x** ၈')	၅	၅	၅	၆	၅	၂၆	၁၀
၁၁	အေးနန္ဒာလမ်းကွန်ကရစ်လမ်းခင်းခြင်း (၄၁၀'**x** ၁၀' **x** ၈')	၅	၄	၅	၄	၅	၂၃	၁၁
၁၂	အေးမေတ္တာလမ်းကွန်ကရစ်လမ်းခင်းခြင်း (၁၁၆၀'**x** ၁၀' **x** ၈')	၄	၄	၄	၄	၄	၂၀	၁၂
၁၃	အောင်သစ္စာလမ်းကွန်ကရစ်လမ်း ခင်းခြင်း (၅၅၀'**x** ၁၀' **x** ၈')	၃	၄	၃	၄	၃	၁၇	၁၃

(၁၂) ဘယက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးကျော်သန်း	ဦးဘညို	၁၂/သလန(နိုင်)၀၅၉၆၅၁	ဥက္ကဋ္ဌ	
၂	ဦးချစ်သောင်း	ဦးမြသာ	၁၂/သလန(နိုင်)၀၅၉၆၇၈	အတွင်းရေးမှူး	
၃	ဒေါ်မြင့်မြင့်ခိုင်	ဦးအေး	၁၂/သလန(နိုင်)၀၀၀၄၅၀	ဘဏ္ဍာရေးမှူး	
၄	ဦးဝင်းကို	ဦးတင်ထွန်း	၁၂/သလန(နိုင်)၀၅၉၆၃၉	စာရင်းကိုင်	
၅	ဦးခင်ဟံ	ဦးကျော်လှိုင်	၁၂/သလန(နိုင်)၀၅၉၆၂၂	အဖွဲ့ဝင်	
၆	ဒေါ်ဇင်မာသော်	ဦးတင်သန်း	၁၂/သလန(နိုင်)၀၉၇၈၆၇	အဖွဲ့ဝင်	
၇	ဒေါ်စုစုဝင်း	ဦးဖြူဝင်း	၁၂/လသယ(နိုင်)၀၂၆၃၉၁	အဖွဲ့ဝင်	

ဘယက်ကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးချစ်သောင်း	ဦးမြသာ	၁၂/သလန(နိုင်)၀၅၉၆၇၈	အတွင်းရေးမှူး	
၂	ဒေါ်မြင့်မြင့်ခိုင်	ဦးအေး	၁၂/သလန(နိုင်)၀၀၀၄၅၀	ဘဏ္ဍာရေးမှူး	
၃	ဦးဝင်းကို	ဦးတင်ထွန်း	၁၂/သလန(နိုင်)၀၅၉၆၃၉	စာရင်းကိုင်	

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- ဘယက်ကျေးရွာ
ကျေးရွာအုပ်စု	- ဘယက်ကျေးရွာအုပ်စု
မြို့နယ်	- သန်လျင်မြို့နယ်
တိုင်း/ပြည်နယ်	- ရန်ကုန်
စီမံချက်အမည်	- စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း (၁၀' **x** ၄၅' **x** ၁၀')
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာပြည်သူများ စာပေဖတ်ရှုမှုအားနည်းသဖြင့် အသိပညာနှင့်ဗဟုသုတများနည်းပါးခြင်းကြောင့် စာကြည့်တိုက်တည်ဆောက်ရခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) စာကြည့်တိုက်တည်ဆောက်ပေးခြင်းကြောင့် ကျေးရွာနေပြည်သူများ စာပေများဖတ်ရှုလာသဖြင့် အသိပညာနှင့် ဗဟုသုတများတိုးပွားလာမည် ဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) စာကြည့်တိုက်တည်ဆောက်ပေးခြင်းကြောင့် ကျေးရွာနေပြည်သူများ စာပေများဖတ်ရှုလာသဖြင့် အသိပညာနှင့် ဗဟုသုတများတိုးပွားလာသည့်အပြင် လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်) သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေ များဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်သွားပါမည်။	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၅၀၀၀၀၀၀/-(ငွေသား) • ၄၄၁၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၈၀၉	၈၄၂	၁၆၅၁	၂၀၀	၁၀၀	၁၀၀	၆၃	၄၆၃
အကျိုးခံစားမည့်သူ ဦးရေ	၈၀၉	၈၄၂	၁၆၅၁	၂၀၀	၁၀၀	၁၀၀	၆၃	၄၆၃
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း -၁/၂၀၂၅
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃/၂၀၂၅
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး/ ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ် ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတွင်း စာကြည့်တိုက်တည်ဆောက်ခြင်းအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်ရွာမှ တာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူများမှ ဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၁	၂	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၆	၂၅	၄၁	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၅၅	၃၉	၉၄	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၆၄	၅၀	၁၁၄	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၆၂၈	၆၇၅	၁၃၀၃	၃	၃
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄၅	၅၂	၉၇	-	-
စုစုပေါင်း		၈၀၉	၈၄၂	၁၆၅၁		
စုစုပေါင်း အိမ်ထောင်စု		၄၆၃				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုနှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှာ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ဘယက်ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ်ကလေး ကျား(၁)ဦး နှင့် မ(၁)ဦး စုစုပေါင်း(၂)ဦးရှိပါသည်။ (၅)နှစ်အောက်ကလေးငယ် ကျား(၁၆)ဦး၊ မ(၂၅)ဦး စုစုပေါင်း(၄၁)ဦးရှိပြီး၊ မူလတန်းကျောင်းသားအရွယ် ကျား(၅၅)၊ မ(၃၉) စုစုပေါင်း(၉၄)ဦးရှိပါသည်။ အလယ်တန်း တက်ရောက် သည့် ကလေးငယ် ကျား(၆၄)၊ မ(၅၀) စုစုပေါင်း(၁၁၄)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၆၂၈)၊ မ(၆၇၅) စုစုပေါင်း(၁၃၀၃)ဦးရှိပါသည်။ သက်ကြီးအရွယ် ကျား(၄၅)၊မ(၅၂) စုစုပေါင်း (၉၇) ဦးရှိပြီး ၊ အသန်စွမ်းကျား(၃)ဦး၊မ(၃)ဦးရှိပြီး စုစုပေါင်းလူဦးရေ ကျား(၈၀၉)၊မ(၈၄၂)၊စုစုပေါင်း လူဦးရေ (၁၆၅၁)ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၄၂	၂၂၃	၁၉	၁၃၀	၉၃		မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၂	၅၀					မြင့် ☑ လတ် ☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	၄၆	၅၀					မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅၆	၆၀					မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၅					မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၅						မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁						မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၇၇						မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၄၆၃	၃၈၈	၁၉	၁၃၀	၉၃		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင် ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ။ကျွန်တော်တို့ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင် ဆောင်ရွက်ကြပါသည်။ကိုယ်ပိုင်လုပ်ငန်းဖြင့် လယ်ယာလုပ်ငန်းကို(၁၄၂) ဦးလုပ်ကိုင်၍ မိသားစုဝင်လုပ်အား (၂၂၃)ဦးရှိပြီး အမျိုးသမီးဦးဆောင်သော မိသားစု(၁၉)စုရှိပါသည်။ မွေးမြူရေးလုပ်ငန်း (၄၆)ဦး လုပ်ကိုင်၍ မိသားစုဝင်လုပ်အား(၅၀)ဦးရှိပါသည်။ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းကို (၅၆)ဦး လုပ်ကိုင်၍မိသားစုဝင် လုပ်သား(၆၀)ဦးရှိပါသည်။ ဆံပင်၊အလှပြင်လုပ်ငန်းကို(၄)ဦးလုပ်ကိုင်၍ မိသားစုဝင်လုပ်သား(၅)ဦးရှိပါသည်။ ယာဉ်မောင်းလုပ်ငန်းကို (၁၅) ဦးလုပ်ကိုင်ပါသည်။ပညာရေးဝန်ထမ်းလုပ်ငန်းကို(၁)ဦးလုပ်ကိုင်ပါသည်။ ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ငန်းလုပ်ကိုင်သူ(၁၇၇)ဦးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၂၀၀၀၀	၁၅၀၀၀	၁၈၀၀၀	၁၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၃၀၀၀၀	၁၅၀၀၀	၁၅၀၀၀၀	၁၂၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။လယ်ယာစိုက်ပျိုးရေး၌ အလုပ်သမားများ ငှားရမ်းအသုံးပြုရပါသည်။ အမျိုးသားများ၏ အများဆုံး လုပ်အားခမှာ ၂၀၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ ၁၈၀၀၀ ကျပ်ဖြစ်၍ အမျိုးသမီးများ၏ အများဆုံးလုပ်အားခမှာ ၁၅၀၀၀ ကျပ်နှင့် အနည်းဆုံးလုပ်အားခမှာ

၁၃၀၀၀ကျပ် ဖြစ်ကြပါသည်။ ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခမှာ ၃၀၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ၁၅၀၀၀ကျပ်ဖြစ်၍ အမျိုးသမီးများ၏ အများဆုံးလုပ်အားခမှာ ၁၅၀၀၀ ကျပ် ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ ၁၂၀၀၀ ကျပ်အထိ ပေးရပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၉၄၉	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်မျှော)	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၉၄၉	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင် နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ ကျေးရွာအတွင်းရှိ လူအများစုသည် တောင်သူများဖြစ်ကြသည်။ လယ်မြေ ဧကပေါင်း(၉၄၉)ဧကကျော်ခန့်ရှိပြီး မြေဆီလွှာအရည်အသွေးသည် အသင့်အတင့်သာရှိသည်ဟု လေ့လာတွေ့ရှိ ရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐မရှိ ☐	လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်မျိုး (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း -
ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ကျေးရွာ၏ မြေအမျိုးအစားမှာ ယခင်ကနှန်းတင်မြေနှ အမျိုးအစားဖြစ်ပြီးသတ္တုနှင့် အခြားတွင်းတွက်ပစ္စည်းများမရှိပါ။သဘာဝအပင်မျိုးစိတ်များ အနည်းငယ်သာရှိပါသည်။ သဘာဝတိရိစ္ဆာန်များလည်း သင့်တင့်မျှသာရှိပါသည်။ သဘာဝမြေအောက်ရေရရှိရေးအတွက် စက်ရေတွင်းနက်နှင့် ရေကန်များသာရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	အသင့်အတင့်	အသင့်အတင့်	များ	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀၀	၁၀၀	၁၀၀	၆၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုမှာ (၁၆၃)ဦးဖြစ်သည့်အတွက် အိမ်ခြေ(၂၃၀)အိမ်တွင် ဆင်းရဲသောအိမ်ထောင်စုမှာ ရာခိုင်နှုန်းအရ ၇၁%ခန့် ရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်ငန်းကိရိယာ မပြည့်စုံ ခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် အခက်အခဲ ဖြစ်ပါသည်။

